(အမိန့်အမှတ် ၂/၈၉)

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## (အမိန့်အမှတ် ၂/၈၉)

၁၃၅၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိ နိုင်ငံတော်သီချင်းတွင် ပါရှိသော "ဗမာ" ဆိုသည့်စကားရပ်သည် ဗမာလူမျိုးတစ်မျိုးတည်းကိုသာ ရည်ညွှန်းသည့်သဘော သက်ရောက်နေပါသည်။ အမှန်အားဖြင့် နိုင်ငံတော်သီချင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်၍ လက်ရှိ နိုင်ငံတော်သီချင်းတွင်ပါရှိသော "ဗမာ" ဆိုသည့်စကားရပ်ကို တိုင်းရင်းသားလူမျိုးအားလုံးကို ရည်ညွှန်းသည့် "မြန်မာ" ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ပြောင်းလဲလိုက်သည်။